# ACT

## Action Collaboration Transformation

## ACT ဆိုသည်မှာ အဘယ်နည်း။

အဝယ်အလေ့အထများနှင့် ချိတ်ဆက်နေသော လုပ်ငန်းကဏ္ဍတွင် စုပေါင်းဆွေးနွေးညှိနှိုင်းတောင်းဆိုမှုမှတဆင့် အလုပ်သမားများအတွက် ဘဝရပ်တည်ရေး အခကြေးငွေများ ရရှိစေရန်နှင့် အထည်ချုပ်၊ အထည်အလိပ်နှင့် ခြေဝတ်ပစ္စည်း လုပ်ငန်းကဏ္ဍ ပြောင်းလဲလာစေရန်တို့အတွက် ကမ္ဘာလုံးဆိုင်ရာ ကုန်အမှတ်တံဆိပ်များ၊ လက်လီဖြန့်ချိသူများနှင့် အလုပ်သမားသမဂ္ဂများအကြား တီထွင်ဆန်းသစ်စွာပေါ်ပေါက်လာသည့် သဘောတူညီချက်တစ်ရပ်မှာ ACT (Action, Collaboration, Transformation) ဖြစ်သည်။

မည်သည့် စက်ရုံတွင် အလုပ်လုပ်သည် ဖြစ်စေကာမူ၊ မည်သည့် ဖြန့်ချိသူနှင့် ကုန်အမှတ်တံဆိပ်များအတွက် ထုတ်လုပ်ပေးသည် ဖြစ်စေကာမူ၊ တိုင်းပြည်တစ်ပြည် အတွင်းရှိ အလုပ်သမားများသည် တူညီသော အခြေအနေအောက်တွင် မိမိတို့၏ အခကြေးငွေများကို ညှိနှိုင်းနိုင်ခြင်းသည် လုပ်ငန်းကဏ္ဍအဆင့် စုပေါင်းဆွေးနွေး ညှိနှိုင်းတောင်းဆိုခြင်း၏ အဓိပ္ပာယ်ဖြစ်သည်။ ညှိနှိုင်းထားသော အခကြေးငွေ ပေးချေရေးကို အထောက်အကူပြုခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ကုန်အမှတ်တံဆိပ်များနှင့် လက်လီဖြန့်ချိသူများဖြင့် ချုပ်ဆိုထားသော သတ်မှတ်ချက်များကို ဖော်ဆောင်ခြင်းတို့သည် အဝယ်အလေ့အထများနှင့် ချိတ်ဆက်ခြင်း၏ အဓိပ္ပာယ်ဖြစ်သည်။ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများအားလုံးဖြင့် ကဏ္ဍအတွင်းတွင် ဘဝရပ်တည်ရေး အခကြေးငွေ မူဘောင်တစ်ရပ်ကို ဖော်ဆောင်ပေးစွမ်းမည့် ပထမဦးဆုံး ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်မှာ ACT ဖြစ်သည်။ ဘဝရပ်တည်ရေး အခကြေးငွေ ရရှိစေရန် မိမိတို့၏ တာဝန်နှင့် အခန်းကဏ္ဍကို ကုန်အမှတ်တံဆိပ်များ၊ လက်လီဖြန့်ချိသူများ၊ အလုပ်သမားသမဂ္ဂများ၊ ထုတ်လုပ်သူများနှင့် အစိုးရများက ပါဝင်ဆောင်ရွက်နိုင်သည်။

## ACT အဖွဲ့ဝင်များ

Arcadia, ASOS, BESTSELLER, C&A, COTTON ON GROUP, ESPRIT, G-STAR RAW, H&M, INDITEX, K (Kmart Australia and New Zealand), industriall global union, LIDL, N BROWN GROUP PLC, NEW LOOK, next, Pentland, PRIMARK, PVH, Tchibo, TESCO, zalando

ACT အဖွဲ့ဝင်များသည် အောက်ဖော်ပြပါ အခြေခံမူများကို သဘောတူထားပြီး ဖြစ်သည်။

- လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်း၊ စုပေါင်းဆွေးနွေးညှိနှိုင်းတောင်းဆိုခြင်းနှင့် ဘဝရပ်တည်ရေး အခကြေးငွေ စသည်တို့ ရရှိစေရန် ကမ္ဘာလုံးဆိုင်ရာ ကုန်စည်စီးဆင်းမှု ကွင်းဆက်အတွင်းရှိ ပါဝင်ပတ်သက်သူများအားလုံးသည် မိမိတို့၏ သက်ဆိုင်ရာ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် ပူးတွဲလမ်းစဉ်တစ်ရပ် လိုအပ်သည်။

- ဘဝရပ်တည်ရေး အခကြေးငွေ ရရှိစေမည့် သဘောတူညီချက်ကို ကုန်ထုတ်လုပ်ရာ နိုင်ငံများရှိ လုပ်ငန်းကဏ္ဍအဆင့်တွင် အလုပ်ရှင်များနှင့် အလုပ်သမားများက ယင်းတို့၏ ကိုယ်စားလှယ်များအကြား စုပေါင်းဆွေးနွေးညှိနှိုင်းတောင်းဆိုမှုဖြင့် ရရှိစေရမည်။
- မိမိတို့၏ အခွင့်အရေးဖြစ်သည့် စုစည်းပိုင်ခွင့်နှင့် စုပေါင်းဆွေးနွေးညှိနှိုင်းတောင်းဆိုပိုင်ခွင့်တို့ကို ILO ၏ ပြဋ္ဌာန်းချက်များနှင့်အညီ အလုပ်သမားများက လွတ်လပ်စွာ ကျင့်သုံးနိုင်ရမည်။

## အဘယ်ကြောင့် ACT ကို လိုအပ်သနည်း။

အထည်ချုပ်၊ အထည်အလိပ်နှင့် ခြေဖဝါးပစ္စည်း ထုတ်လုပ်ရာ နိုင်ငံအများစုတွင် အလုပ်သမားတို့၏ လက်ရှိ အခကြေးငွေများကို ဘဝရပ်တည်ရေး အခကြေးငွေဟု သတ်မှတ်နိုင်သည့် နှုန်းထားများထက် များစွာ နိမ့်ပါးပြီး သတ်မှတ်ထားသည်။ အထည်အလိပ်နှင့် အထည်ချုပ် ကုန်စည်စီးဆင်းမှု ကွင်းဆက်အတွင်းရှိ အလုပ်သမားတို့၏ အခကြေးငွေကို ဘဝရပ်တည်ရေး အခကြေးငွေအဖြစ် တိုးမြှင့်ရရှိ လာစေရန် ဖြန့်ချိသူများနှင့် ကုန်အမှတ်တံဆိပ်များကသာ ဆောင်ရွက်ခြင်းဖြင့် မရရှိနိုင်ကြောင်း တစ်စတစ်စ သိသာထင်ရှားလာသည်။ ဘဝရပ်တည်ရေး အခကြေးငွေ ရရှိလာစေရန် ကမ္ဘာလုံးဆိုင်ရာ ကုန်အမှတ်တံဆိပ်များ၊ လက်လီဖြန့်ချိသူများ၊ အလုပ်သမားသမဂ္ဂများ၊ ထုတ်လုပ်သူများနှင့် အစိုးရများ အစရှိသော သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများအားလုံး အတူတကွ ပါဝင်လာစေရန် ACT က ရည်မှန်းသည်။

ဘဝရပ်တည်ရေး အခကြေးငွေ စံချိန်စံနှုန်းအဖြစ်သို့ အခကြေးငွေများ တိုးမြှင့်လာစေရန်အတွက် အနိမ့်ဆုံး အခကြေးငွေ ယန္တရားသည် မလုံလောက်ကြောင်း သက်သေပြထားပြီး ဖြစ်သည်။ အနိမ့်ဆုံး အခကြေးငွေ ယန္တရားပေါ် အခြေပြုပြီး ဘဝရပ်တည်ရေး အခကြေးငွေ ရရှိစေနိုင်ရန်အတွက် အလုပ်သမားများနှင့် ထုတ်လုပ်သူများက အတူတကွ ညှိနှိုင်းထားကြသည့် လုပ်ငန်းကဏ္ဍအဆင့် စုပေါင်းဆွေးနွေးညှိနှိုင်းတောင်းဆိုမှု သဘောတူညီချက်ကို တည်ထောင်ရန် ACT က ဆောင်ရွက်သွားမည်။ ဘဝရပ်တည်ရေးအခကြေးငွေဖြင့် ပေးချေမှုကို စေ့စပ်ဦးဆောင်ပေးနိုင်မည့် အဝယ်အလေ့အထများ ထားရှိရန် ACT ၏ အဖွဲ့ဝင်များက ခိုင်မာသေချာစေရမည်။

## ဘဝရပ်တည်ရေး အခကြေးငွေကို ACT က မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုသနည်း။

လုပ်ငန်းကဏ္ဍအဆင့်တွင် အလုပ်ရှင်များနှင့် အလုပ်သမားသမဂ္ဂများက စုပေါင်းဆွေးနွေးညှိနှိုင်းတောင်းဆိုခြင်းဖြင့် ဘဝရပ်တည်ရေးအခကြေးငွေကို သဘောတူညီမှု ရရှိစေရမည့် အခြေခံမှုကို ACT အဖွဲ့ဝင်များက လိုက်နာသည်။

ပြင်ပ သတ်မှတ်ချက်များထက် အလုပ်သမားများနှင့် အလုပ်ရှင်များ၏လိုအပ်ချက်ကို ထင်ဟပ်ထားခြင်း၊ နိုင်ငံတွင်း အခြေအနေများအလိုက် ညှိနှိုင်းထားခြင်းတို့ကြောင့် ကွဲပြားသော အခကြေးငွေများ ဖြစ်သည်ဟု ဆိုလိုသည်။

"ဘဝရပ်တည်ရန် အခကြေးငွေဆိုသည်မှာ အလုပ်သမား တစ်ဦးနှင့် သူ့မိသားစုတို့၏ အခြေခံလိုအပ်ချက်များကို ကာမိစေရန် လိုအပ်သော အနိမ့်ဆုံး ဝင်ငွေ (minimum income) အပြင် အခြားလိုအပ်လျှင် လိုအပ်သလို အသုံးပြုနိုင်သော ဝင်ငွေ (discretionary income) အချို့လည်း အပါအဝင်ဖြစ်သည်။ ထိုအခကြေးငွေသည် တရားဝင် အလုပ်ချိန် အကန့်အသတ်အတွင်း (ဆိုလိုသည်မှာ အချိန်ပို မပါ) အလုပ်လုပ်ခြင်းဖြင့် ရရှိသော ဝင်ငွေ ဖြစ်စေရမည်"

ACT ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်

ဘဂရပ်တည်ရေး အခကြေးငွေသို့ တက်လှမ်းနိုင်စေရန် ဖြစ်နိုင်ခြေရှိသော၊ လက်တွေ့အသုံးဝင်သော၊ နှုန်းထားသတ်မှတ်နိုင်သော၊ ဥပဒေအရ အသိအမှတ်ပြုထားပြီး စည်းနှောင်နိုင်သော ယန္တရားတစ်ရပ်ကို ဆောင်ကျဉ်းပေးရန် ACT က ရည်မှန်းသည်။

## ဘဂရပ်တည်ရေး အခကြေးငွေများကို ACT က မည်ကဲ့သို့ ရရှိစေနိုင်မည်နည်း။

လုပ်ငန်းကဏ္ဍအဆင့်တွင် စုပေါင်းဆွေးနွေးညှိနှိုင်းတောင်းဆိုမှုဖြင့် နိုင်ငံတွင်းရှိ ထုတ်လုပ်သူများနှင့် အလုပ်သမားသမဂ္ဂများ၏ ကိုယ်စားလှယ်များအကြား ညှိနှိုင်းမှုကို ACT က အထောက်အကူပြုပေးမည်။ အဆိုပါ သဘောတူညီချက်များသည် လက်မှတ်ရေးထိုးထားသော အဖွဲ့များအပေါ် ဥပဒေအရ စည်းနှောင်ပြီး အကောင်အထည်ဖော် သက်ရောက်စေနိုင်မည်ဖြစ်သည်။ ထို့ပြင် ထိုနိုင်ငံ၏ လုပ်ငန်းကဏ္ဍတစ်ခုလုံးအပေါ် လွှမ်းခြုံနိုင်မည်ဖြစ်ပြီး ထိုလုပ်ငန်းကဏ္ဍအတွင်းရှိ အလုပ်သမားတိုင်း အကျိုးဝင်မည်။

ကမ္ဘာလုံးဆိုင်ရာ ကုန်အမှတ်တံဆိပ်များနှင့် လက်လီဖြန့်ချိသူများ၊ ထုတ်လုပ်သူများ၊ နိုင်ငံအတွင်းနှင့် နိုင်ငံတကာ အလုပ်သမားသမဂ္ဂများ၊ အစိုးရများ အစရှိသည်တို့အကြား ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေပြုပြီး ACT က လုပ်ငန်းဆောင်ရွက်ပါသည်။ ညှိနှိုင်းထားသည့် အခကြေးငွေများနှင့် လုပ်ငန်းခွင်အခြေအနေ သဘောတူညီသတ်မှတ်ချက်များအား ထုတ်လုပ်သူများက ဖြည့်ဆည်းပေးနိုင်သော လုပ်ငန်းကဏ္ဍအဆင့် စုပေါင်းဆွေးနွေးညှိနှိုင်းတောင်းဆိုမှု ပေါ်ပေါက်လာစေရန် အဂယ်အလေ့အထများဖြင့် ချိတ်ဆက်မည်ဟူသော ကတိကဂတ်များကို ACT ၏ အဖွဲ့ဝင် ကုန်အမှတ်တံဆိပ်များနှင့် လက်လီဖြန့်ချိသူများက သဘောတူထားပြီး ဖြစ်သည်။

တပြိုင်နက်တည်းတွင် လူ့အရင်းအမြစ်နှင့် အခကြေးငွေ စီမံခန့်ခွဲမှုစနစ်များထိရောက်မှုရှိရေး၊ ကုန်ထုတ်စွမ်းအားကို အရှိန်အဟုန်မြှင့် စေ့ဆော် တိုးတက်စေရေး၊ လုပ်ငန်းကဏ္ဍကို တိုးတက်မြှင့်တင်ရေး၊ စီးပွားရေး လုံခြုံစိတ်ချမှုကို အသိအမှတ်ပြုရေး ကဲ့သို့သော ကုန်ထုတ်လုပ်ရေး စံချိန်စံနှုန်းများနှင့် စနစ်များ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရန် နိုင်ငံအတွင်းရှိ ထုတ်လုပ်သူများဖြင့် ACTက အကောင်အထည်ဖော်မည် ဖြစ်ပြီး၊ ကုန်ထုတ်လုပ်သည့် နိုင်ငံများနှင့် ထုတ်လုပ်သူများကိုလည်း အသိအမှတ်ပြုကာ ကတိကဂတ်ထားရှိမည်။ ယင်းတို့သည် ဘဂရပ်တည်ရန် အခကြေးငွေ ပေးချေနိုင်မည့် အဓိက သော့ချက်များ ဖြစ်သည်။



## အဂယ်အလေ့အထများဆိုသည်မှာ အဘယ်တို့နည်း။

ကမ္ဘာလုံးဆိုင်ရာ လက်လီဖြန့်ချိသူများနှင့် ကုန်အမှတ်တံဆိပ်တို့က ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသူများနှင့် အဂယ်အလေ့အထ နည်းလမ်းဖြင့် ချိတ်ဆက်ပြီး စီးပွားရေးဆောင်ရွက်ခြင်းဖြစ်သည်။ နည်းဗျူဟာ အစီအမံရေးဆွဲခြင်း၊ ပင်ရင်းရှာဖွေခြင်း၊ ပုံစံဖော်ဆောင်ခြင်း၊ ဂယ်ယူခြင်း၊ နောက်ကွယ်မှ အပြုအမူများ၊ အခြေခံမူနှင့် စံတန်ဖိုးများ အစရှိသော အလုပ်သမားများအပေါ် သက်ရောက်သည့် အရာများသည် အဂယ်အလေ့အထများတွင် ခြုံငုံပါဝင်သည်။

> “ဘဝရပ်တည်ရေး အခကြေးငွေ ပေးချေနိုင်ရေးကို ဦးဆောင်ညှိနှိုင်းပေးနိုင်မည့် အဂယ်အလေ့အထများကို ကုန်အမှတ်တံဆိပ်များနှင့် လက်လီဖြန့်ချိသူများက ထားရှိသေချာစေမည်”
>
> ACT နားလည်မှု စာချွန်လွှာ

> “အထည်အလိပ်ကဏ္ဍရှိ အလုပ်သမားများအတွက် မျှတသော ဘဝရပ်တည်ရေးအခကြေးငွေ ရရှိရန် ကုန်အမှတ်တံဆိပ်များ၊ လက်လီဖြန့်ချိသူများနှင့် အလုပ်သမားသမဂ္ဂများ၏ ပူးတွဲရည်မှန်းချက်အဖြစ် ACT ၏ဆောင်ရွက်ချက်က အတူတကွ စုစည်းပေးသည်။ ယင်းသည် တီထွင်ဆန်းသစ်သည့် တမူထူးသော ပူးပေါင်းဆောင်ရွက်ချက်ဖြစ်ပြီး၊ စနစ်ကိုပြောင်းလဲပေးနိုင်သော တာရှည်ခံသော ပြုပြင်ပြောင်းလဲမှုအတွက် တစ်ခုတည်းသော ရှေ့လမ်းစဉ်ဖြစ်သည်”
>
> John Ruggie | ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်ဟောင်း

## လုပ်ငန်းကဏ္ဍအဆင့် စုပေါင်းဆွေးနွေးညှိနှိုင်းတောင်းဆိုခြင်းသည် အနိမ့်ဆုံး အခကြေးငွေ သတ်မှတ်ရေး ယန္တရားနှင့် မည်ကဲ့သို့ ကွာခြားသနည်း။

အနိမ့်ဆုံး အခကြေးငွေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ကဏ္ဍတစ်ခုအတွင်း ဥပဒေက အနည်းဆုံးအဖြစ် ခွင့်ပြုပေးထားသည့် အခကြေးငွေဖြစ်သည်။ အစိုးရများက ယင်းကို သတ်မှတ်ထားသည်။ ဤသို့သတ်မှတ်ရာတွင် အလုပ်သမားသမဂ္ဂများနှင့် အလုပ်ရှင်များ၏ ကိုယ်စားလှယ်များနှင့် တစ်ခါတစ်ရံ တိုင်ပင်ဆွေးနွေးညှိနှိုင်းလေ့ရှိသည်။ အများအားဖြင့် အထည်အလိပ်နှင့် အထည်ချုပ် ထုတ်လုပ်သော နိုင်ငံများ၏ အနိမ့်ဆုံး အခကြေးငွေများသည် ဘဝရပ်တည်ရေး အခကြေးငွေများထက် နိမ့်ကျနေလေ့ရှိသည်။

အနိမ့်ဆုံး အခကြေးငွေ ယန္တရားအပေါ် အခြေခံပြီး အလုပ်သမားသမဂ္ဂများနှင့် ထုတ်လုပ်သူများ၏ ကိုယ်စားလှယ်များက လုပ်ငန်းကဏ္ဍအဆင့်တွင် အတူတကွ စုပေါင်းဆွေးနွေးညှိနှိုင်းတောင်းဆိုကြခြင်းဖြင့် မိမိတို့ လုပ်ငန်းကဏ္ဍအတွက် သင့်တော်ဆီလျော်သော အခကြေးငွေများနှင့် အခြား အလုပ်အကိုင် အခြေအနေများကို သဘောတူ ထူထောင်ထားနိုင်သည်။

# လုပ်ငန်းကဏ္ဍအဆင့် စုပေါင်းဆွေးနွေးညှိနှိုင်းတောင်းဆို သဘောတူညီမှုများ၏ အကျိုးကျေးဇူးမှာ အဘယ်တို့ ဖြစ်သနည်း။

| | | |
|---|---|---|
| ကုန်ထုတ်စွမ်းအား တိုးတက်မှုနှင့် လုပ်ငန်းကဏ္ဍ အဆင့်မြှင့်တင်ခြင်းကို အထောက်အကူပြုခြင်း | အလုပ်ရှင်များနှင့် အလုပ်သမား သမဂ္ဂများအတွက် အရင်းအမြစ် အနည်းအကျဉ်းသာ လိုအပ်သော ထိရောက်မှုကို ဖန်တီးပေးခြင်း | စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကြီးထွားမှု သေချာခိုင်မာခြင်းကို ဆောင်ကျဉ်းပေးခြင်း |
| ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အချင်းရှိ အလုပ်သမားများ မြဲနေစေရန် အထောက်အကူပြုခြင်း | ’ဘုံစည်းမျဉ်း’ ချမှတ်ခြင်းဖြင့် အလုပ်သမားရေးရာ စည်းနှောင်မှု လိုအပ်ချက်နှင့် ကုန်ကျစရိတ်များကို လျှော့ချပေးခြင်း | အလုပ်ရှင်များနှင့် အလုပ်သမားအကြား လူမှုငြိမ်းချမ်းရေးနှင့် အပြုသဘော ဆက်ဆံရေးကို မြဲခိုင်စေခြင်း |
| လုပ်ငန်းများ လိုအပ်သည့် စီးပွားရေး ပြောင်းလွယ်ပြင်လွယ်ဖြစ်မှုနှင့် အလုပ်သမားများ လိုအပ်သည့် အခြေခံ လုံခြုံမှုများအတွက် အံဝင်ခွင်ကျ ကိုက်ညီထားသည့် ဖြေရှင်းရေး နည်းလမ်းများကို ဆောင်ကျဉ်းပေးခြင်း | ရွှေ့ပြောင်း အလုပ်သမား၊ ပုတ်ပြတ် အလုပ်သမား၊ လုပ်ငန်းသေးများရှိ အလုပ်သမား အစရှိသူတို့အပါအဝင် ပိုမိုများပြားသော အလုပ်သမားများကို စုပေါင်းဆွေးနွေးညှိနှိုင်းတောင်းဆို မှု စာချုပ်တစ်ရပ်ဖြင့် လွှမ်းခြုံခြင်းကို သေချာခိုင်မာစေခြင်း | ကြေးနိမ့်ပေးခြင်းနှင့် လုပ်ငန်းခွင်အခြေအနေ နိမ့်ချခြင်းဖြင့် ဈေးပြိုင်လျှော့ခြင်း မဟုတ်ဘဲ အရည်အသွေးနှင့် တီထွင်ဆ န်းသစ်ဖန်တီးခြင်းတို့ကတဆင့် အလုပ်ရှင်များအကြား ယှဉ်ပြိုင်မှုကို သေချာခိုင်မာစေခြင်း |

“ဘဝရပ်တည်ရေး အခကြေးငွေများအတွက် အဟန့်အတားဖြစ်စေသည့် ပုံစံစနစ်များကို ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် အထည်ချုပ်အလုပ်သမားများ၏ အခကြေးငွေများကို နှုန်းထားသတ်မှတ်နိုင်ချေ၊ ရေရှည်တည်တံ့နိုင်ချေနှင့် စည်းနှောင်နိုင်ချေတို့၏ အကောင်းဆုံးအနေအထားကို ACT က ဖြစ်ပေါ်စေသည်”

Jenny Holdcroft | လက်ထောက် အထွေထွေ အတွင်းရေးမှူး၊ IndustriALL

“အထည်အလိပ်ကဏ္ဍရှိ အလုပ်သမားများအတွက် မျှတသော ဘဝရပ်တည်ရေးအခကြေးငွေ ရရှိရန် ကုန်အမှတ်တံဆိပ်များ၊ လက်လီဖြန့်ချိသူများနှင့် အလုပ်သမားသမဂ္ဂများ၏ ပူးတွဲရည်မှန်းချက်အဖြစ် ACT ၏ဆောင်ရွက်ချက်က အတူတကွ စုစည်းပေးသည်။ ယင်းသည် တီထွင်ဆန်းသစ်သည့် တမူထူးသော ပူးပေါင်းဆောင်ရွက်ချက်ဖြစ်ပြီး၊ စနစ်ကိုပြောင်းလဲပေးနိုင်သော တာရှည်ခံသော ပြုပြင်ပြောင်းလဲမှုအတွက် တစ်ခုတည်းသော ရေ့လမ်းစဉ်ဖြစ်သည်”

Karl-Johan Persson | အမှုဆောင်အရာရှိချုပ်၊ H&M အုပ်စု

ACT Action Collaboration Transformation www.actonlivingwages.com

# လုပ်ငန်းကဏ္ဍအဆင့် စုပေါင်းဆွေးနွေးညှိနှိုင်းတောင်းဆိုခြင်း

## မည်သည်တို့ မည်သည့်အတွက်ကြောင့် ပါဝင်သနည်း

